




# အမေရိကန်သမ္မတ ၄၆ ဦး

မြတ်သက်

# UNITED STATES PRESIDENTS



BBT0014

2,000.00KS

mg

အမေရိကန်သမ္မတ ၄၆ ဦး၊ မြတ်သက်
စာမျက်နှာ ၁၉၆ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်၊
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
(၂၀၁၁ ပထမအကြိမ်မှုကို ပြည့်စွက်ထုတ်ဝေခြင်း)

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဂျော့ဝါရှင်တန် (၁၇၈၉-၁၇၉၇) ၁

၂။ ဂျွန်အဒမ် (၁၇၉၇-၁၈၀၁) ၆

၃။ သောမတ်ဂျက်ဖာဆင် (၁၈၀၁-၁၈၀၉) ၁၀

၄။ ဂျိမ်းစ်မက်ဒီဆင် (၁၈၀၉-၁၈၁၇) ၁၅

၅။ ဂျိမ်းစ်မွန်ရိုး (၁၈၁၇-၁၈၂၅) ၁၈

၆။ ဂျွန်ကွင်စီအဒမ် (၁၈၂၅-၁၈၂၉) ၂၂

၇။ အင်ဒရူးဂျက်ဆင် (၁၈၂၉-၁၈၃၇) ၂၅

၈။ မာတင်ဗန်ဘူရင် (၁၈၃၇-၁၈၄၁) ၂၉

၉။ ဝီလျံဟင်နရီဟာရီဆန် (၁၈၄၁) ၃၂

၁၀။ ဂျွန်တိုင်လာ (၁၈၄၁-၁၈၄၅) ၃၅

၁၁။ ဂျိမ်းစ်နော့စ်ပေါ့ခ် (၁၈၄၅-၁၈၄၉) ၃၈

၁၂။ ဇက်ခရီတေလာ (၁၈၄၉-၁၈၅၀) ၄၁

၁၃။ မီးလဒ်ဖီလ်မိုး (၁၈၅၀-၁၈၅၃) ၄၄

၁၄။ ဖရန်ကလင်ပီးယားစ် (၁၈၅၃-၁၈၅၇) ၄၇


mgyoe.com

mgyoe.com


၁၅။ ဂျိမ်းစ်ဘူချနန် (၁၈၅၇-၁၈၆၁) ၅၀

၁၆။ အဘရာဟမ်လင်ကွန်း (၁၈၆၁-၁၈၆၅) ၅၃

၁၇။ အင်ဒရူးဂျွန်ဆင် (၁၈၆၅-၁၈၆၉) ၅၈

၁၈။ ယူလီဆီးဆင်ပဆင်ဂရန့် (၁၈၆၉-၁၈၇၇) ၆၂

၁၉။ ရူသားဖို့ဒ်ဘီရာချဒ်ဟေးစ် (၁၈၇၇-၁၈၈၁) ၆၆

၂၀။ ဂျိမ်းစ်အဘရမ်ဂါးဖီးလ် (၁၈၈၁) ၇၀

၂၁။ ချက်စတာအလန်အာသာ (၁၈၈၁-၁၈၈၅) ၇၄

၂၂။ ဂရိုဗာကလိဗ်လင်း (၁၈၈၅-၈၉၊ ၁၈၉၃-၁၈၉၇) ၇၇

၂၃။ ဘင်ဂျမင်ဟာရီဆန် (၁၈၈၉-၁၈၉၃) ၈၁

၂၅။ ဝီလျံမက်ကင်လေ (၁၈၉၇-၁၉၀၁) ၈၄

၂၆။ သီယိုဒိုရုစဗဲ့ (၁၉၀၁-၁၉၀၉) ၈၈

၂၇။ ဝီလျံဟောင်းဝပ်တပ်ဖ် (၁၉၀၉-၁၉၁၃) ၉၃

၂၈။ (သောမတ်စ်)ဝုဒရိုးဝီလ်ဆင် (၁၉၁၃-၁၉၂၁) ၉၇

၂၉။ ဝါရင်းဂါမီလီယယ်ဟာတ်ဒင်း (၁၉၂၁-၁၉၂၃) ၁၀၃

၃၀။ ဂျွန်ကယ်လ်ဗင်ကူးလစ်ဂျ် (၁၉၂၃-၁၉၂၉) ၁၀၆

၃၁။ ဟားဘတ်ကလတ်ဟူးဗား (၁၉၂၉-၁၉၃၃) ၁၀၉

၃၂။ ဖရန်ကလင်ဒီလာနိုရုစဗဲ့ (၁၉၃၃-၁၉၄၅) ၁၁၃

၃၃။ ဟယ်ရီအက်စ်ထရူးမင်း (၁၉၄၅-၅၃) ၁၂၀

၃၄။ ဒွိုက်ဒေးဗစ်အိုက်ဆင်ဟောင်ဝါ (၁၉၅၃-၁၉၆၁) ၁၂၄

၃၅။ ဂျွန်ဖစ်ဂျရယ်ကနေဒီ (၁၉၆၁-၁၉၆၃) ၁၂၈

၃၆။ လင်ဒန်ဘိန်းဂျွန်ဆင် (၁၉၆၃-၁၉၆၉) ၁၃၄

၃၇။ ရစ်ချတ်မေးလ်ဟော့စ်နစ်ဆင် (၁၉၆၉-၁၉၇၄) ၁၃၈


mgyoe.com

mgyoe.com


၃၈။ ဂျယ်ရယ်ရုဒေါ့ဖ်ဖို့ဒ် (၁၉၇၄-၁၉၇၇) ၁၄၃

၃၉။ ဂျင်မီ(ဂျိမ်းစ်အားလ်)ကာတာ (၁၉၇၇-၁၉၈၁) ၁၄၇

၄၀။ ရော်နယ်ဝီလ်ဆင်ရေဂင် (၁၉၈၁-၁၉၈၉) ၁၅၂

၄၁။ ဂျော့ချ်ဟားဘတ်ဝေါ်ကာဘုရှ် (၁၉၈၉-၁၉၉၃) ၁၅၇

၄၂။ ဘီလ်(ဝီလျံဂျက်ဖာဆင်)ကလင့်တန်
(၁၉၉၃-၂၀၀၁) ၁၆၂

၄၃။ ဂျော့ချ်ဒဗလျူဘုရှ် (၂၀၀၁-၂၀၀၉) ၁၆၉

၄၄။ ဘားရက်အိုဘားမား (၂၀၀၉ - ) ၁၇၆



❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ၁။ ဂျော့ဝါရှင်တန် (၁၇၃၂ - ၁၇၉၉)

အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသမ္မတကြီး ဖြစ်သော ဂျော့ဝါရှင်တန်ကို ၁၇၃၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဝိတ်ဖီးနေအိမ် ပုပ်ခရိအရပ်ဒေသ ဝက်စ်မိုးလင်းကောင်တီ ဗာဂျီးနီးယားပြည်နယ်တွင် ဖွားမြင်ခဲ့သည်။ ဖခင်မှာ သြဂတ်စတင်းဝါရှင်တန်ဖြစ်ပြီး မိခင်မှာ မေရီဘောဝါရှင်တန်ဖြစ်သည်။ ဖရက်ဒရစ်ဘတ်အနီးရှိ ယာခင်းတစ်ခု၌ ကြီးပြင်းခဲ့ရပြီး ဝါရှင်တန် အသက် ၁၁ နှစ်သားအရွယ်တွင် ဖခင်ကွယ်လွန်ခဲ့သည်။ သင်္ချာနှင့် မြေတိုင်းပညာကို သင်ယူခဲ့ပြီး အသက် ၁၆ နှစ်အရွယ်တွင်

mgyoe.com

mgyoe.com



အဖေတူ အမေကွဲ အစ်ကိုဖြစ်သူ လောရင့်နှင့်အတူ သွားရောက်နေထိုင်ခဲ့သည်။ လောရင့်မှာ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ၎င်းတာဝန်ယူဆောက်လုပ်ခဲ့သည့် ထင်ရှားသော အဆောက်အအုံမှာ မောင့်ဗာနွန် (Mount Vernon) ဖြစ်သည်။ မောင့်ဗာနွန်မှာ နောက်ပိုင်းတွင် ဝါရှင်တန်တောက်လျှောက်နေထိုင်ခဲ့သည့် စံအိမ်ကြီးဖြစ်သည်။ အစ်ကိုနှင့်အတူနေထိုင်ရင်း ရှီနန်ဒိုတောင်ကြားဒေသရှိ လော့ဒ်ဖဲယားဖက်စ်ပိုင် မြေယာများကို စနစ်တကျတိုင်းထွာမှတ်တမ်းတင်ခဲ့သည်။ အစ်ကိုဖြစ်သူ လောရင့်နှင့်အတူပင် ဘာဘေဒိုးကျွန်းစု၊ အနောက်အင်ဒီးစ်ကျွန်းစုများသို့ သွားရောက်ခဲ့ပြီး အဆိုပါဒေသများ၌နေထိုင်စဉ် ကျောက်ရောဂါကူးစက်ခံခဲ့ရသည်။ ၁၇၅၂ ခုနှစ်တွင် လောရင့် အဆုတ်ရောဂါဖြင့် ကွယ်လွန်သောအခါ အစ်ကိုဖြစ်သူကျန်ရစ်ခဲ့သည့်အမွေကို ဝါရှင်တန် ဆက်ခံရရှိခဲ့သည်။

၁၇၅၃ ခုနှစ်တွင် ဝါရှင်တန်၏စစ်မှုထမ်းဘဝ စတင်ခဲ့သည်။ ထိုစဉ်က ဗာဂျီးနီးယားပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးဖြစ်သူ ရောဘတ်ဒင်းဝစ်ဒိုင်းက စစ်ရေးတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအချိန်တွင် ပြင်သစ်နှင့် အင်္ဂလိပ်တို့ ဗာဂျီးနီးယားနယ်အနောက်ပိုင်း၌ နယ်မြေလုနေကြချိန်ဖြစ်သည်။ ဝါရှင်တန်ဦးဆောင်သည့်တပ်များနှင့် ပြင်သစ်တပ်များ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ၁၇၅၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ဝါရှင်တန်၏တပ်ဖွဲ့ဝင်များအခြေစိုက်

mgyoe.com

mgyoe.com



သည့် နက်ဆက်စီတီခံတပ် (Fort Necessity) ရန်သူ့လက်သို့ ကျရောက်ခဲ့သည်။ သို့အတွက် ဗြိတိသျှဗိုလ်ချုပ်ကြီး အက်ဒွပ်ဘရက်ဒေါ့ စစ်ကူအဖြစ် ရောက်ရှိလာကာ ဝါရှင်တန်က ၎င်း၏လက်ထောက်အဖြစ် ဆောင်ရွက်ပြီး ပြင်သစ်တို့ကို တိုက်ခိုက်ခဲ့သော်လည်း ဘရက်ဒေါ့ ကိုယ်တိုင် ကျဆုံးကာ ထပ်မံအရေးနိမ့်ခဲ့ရပြန်သည်။ ၁၇၅၈ ခုနှစ်တွင် ပြင်သစ်ခံတပ် ဒူကွေးကို ဝါရှင်တန် ခေါင်းဆောင်၍ ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။

မုဆိုးမတစ်ဦးဖြစ်သော မာသာဒန်းဒရစ်ကပ်စ်တစ်နှင့် လက်ထပ်ခဲ့ပြီးနောက် ဂျော့ဝါရှင်တန်သည် ၁၇၅၉ ခုနှစ်တွင် မောင့်ဗားနွန်စံအိမ်၌နေထိုင်ကာ လုပ်ငန်းကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခဲ့သည်။ မူလက ဝါရှင်တန်သည်



mgyoe.com

mgyoe.com

လွတ်လပ်ရေးလိုလားသူတစ်ဦးမဟုတ်သော်လည်း နောက်ပိုင်းတွင် ဗြိတိသျှကိုလိုနီအုပ်စိုးသူများ၏ ဖိနှိပ်အုပ်ချုပ်မှုများကို မနှစ်မြို့ဖြစ်လာကာ လွတ်လပ်ရေးတိုက်ပွဲမတိုင်မီ ဗာဂျီးနီးယားတပ်ဖွဲ့ကို ဦးစီးကွပ်ကဲခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲကာလ ၁၇၇၅ ခုနှစ် ဇွန်လ ၁၅ ရက်တွင် ကွန်တီနင်တယ်တပ်မတော်၏ဦးစီးချုပ်အဖြစ် ကွန်တီနင်တယ်ကွန်ဂရက်၏ တာဝန်ပေးအပ်ခြင်းကို ခံယူခဲ့ရသည်။

လွတ်လပ်ရေးတိုက်ပွဲတွင် ဗြိတိသျှတို့အပေါ် အမေရိကန် အနိုင်ရခဲ့ခြင်းမှာ အဓိကအားဖြင့် ဂျော့ဝါရှင်တန်၏ ဦးစီးခေါင်းဆောင်မှုကြောင့်ဖြစ်သည်။ အတွေ့အကြုံကြွယ်ဝခြင်း၊ စည်းကမ်းထိန်းသိမ်းမှုကောင်းမွန်ခြင်းနှင့် ကိုယ်စိတ်နှစ်ပါးကြံ့ခိုင်ခြင်းများတို့က အကွဲကွဲအပြားပြားဖြစ်နေသော လွတ်လပ်ရေးတိုက်ပွဲဝင်တပ်ဖွဲ့များကို စုစည်းညီညွတ်မှုရရှိစေခဲ့သည်။ ဗြိတိသျှတို့ကို အနိုင်ရရှိခဲ့ပြီးနောက် ဂျော့ဝါရှင်တန်သည် ပြည်နယ်များအကြား တန်းတူညီမျှသော အာဏာခွဲဝေမှုရရှိစေသည့် ဖက်ဒရယ်အစိုးရ (Federal Government) တည်ထောင်ရေးကို လိုလားခဲ့သည်။ ၁၇၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးညီလာခံကျင်းပခဲ့ရာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုနိုင်ရေးအတွက် အဓိကနေရာမှ စွမ်းဆောင်ပေးခဲ့သည်။

ဂျော့ဝါရှင်တန်၏အရည်အချင်း၊ ဗွဲ့သတ္တိနှင့် မဆုတ်

mgyoe.com

mgyoe.com


မနစ် ကြံ့ကြံ့ခိုင်ခိုင်ဆောင်ရွက်နိုင်မှုများကြောင့် ၎င်းအား အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသောသမ္မတကြီး အဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့ကာ ၁၇၈၉ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ သည်။ သမ္မတသက်တမ်းနှစ်ကြိမ်ဆက် (၁၇၈၉ မှ ၁၇၉၇ အထိ) တာဝန်ယူဆောင်ရွက်ခဲ့ပြီး သုံးကြိမ်သက်တမ်း အတွက်လည်း တာဝန်ယူဆောင်ရွက်ပါရန် အားလုံးက ဝိုင်းဝန်းပန်ကြားခဲ့သည်ကို ငြင်းဆိုခဲ့သည်။ သမ္မတတာဝန်မှ အနားယူခဲ့ပြီးနောက် ယခင်ကအတိုင်း မြင်းတစ်စီးဖြင့် ၎င်းပိုင် ဥယျာဉ်ခြံမြေများအတွင်း လှည့်လည်ကြည့်ရှုသွား လာရင်း နှင်းဒဏ် မိုးဒဏ်များကြောင့် အအေးမိဖျားနာပြီး လည်ချောင်းနာရောဂါစွဲကပ်ကာ ၁၇၉၉ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ကွယ်လွန်ခဲ့သည်။ ဂျော့ဝါရှင်တန်မှာ မြေယာ ကို တန်ဖိုးထားချစ်မြတ်နိုးသူဖြစ်ရာ ၎င်းကွယ်လွန်ချိန်တွင် ဗာဂျီးနီးယားၓ မြေဧက ၇၀,၀၀၀ နှင့် အနောက်ဗာဂျီးနီး ယားတွင် မြေဧက ၄၀,၀၀၀ ကျန်ရစ်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၂။ ဂျွန်အဒမ် (၁၇၉၇ - ၁၈၀၁)

အမေရိကန်ပြည်ထောင်စု၏ ဒုတိယမြောက်သမ္မတ ဖြစ်သည့် ဂျွန်အဒမ်ကို ၁၇၃၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် ဘရိန်းထရီး(ယခု ကွင်စီ) အရပ်ဒေသ မက်ဆာချူးဆက်ပြည်နယ်၌ ဖွားမြင်ခဲ့ပြီး မိဘနှစ်ပါးမှာ ဂျွန်အဒမ်နှင့် ဆူဇန်နာ ဘွိုင်စတန်အဒမ်တို့ဖြစ်ကြသည်။ ဂျွန်အဒမ်၏ ဘေးတော်စပ်သူ ဟင်နရီအဒမ်မှာ ၁၆၃၆ ခုနှစ်တွင် အင်္ဂလန်မှ အမေရိကန်သို့ လာရောက်အခြေချ နေထိုင်ခဲ့သူဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ပထမမြောက်သမ္မတကြီးဖြစ်သော ဂျော့ဝါရှင်တန်နှင့်မတူဘဲ ဂျွန်အဒမ်

mgyoe.com

mgyoe.com



သည် ပညာကောင်းစွာ သင်ယူခွင့်ရရှိခဲ့ကာ ၁၇၅၅ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ဘွဲ့ရရှိခဲ့ပြီးနောက်တစ်ဖက်မှ ကျောင်းဆရာအဖြစ် အမှုထမ်းကာ တစ်ဖက်တွင် ဥပဒေပညာရပ်ကို လေ့လာခဲ့ပြီး ၁၇၆၄ ခုနှစ်တွင် အဘီဂေးစမစ်နှင့် လက်ထပ်ခဲ့သည်။

၁၇၇၀ ပြည့်နှစ်တွင် အဒမ်သည် ဘော်စတွန်လူသတ်ပွဲကြီး၌ အရပ်သားများကိုသတ်ဖြတ်ခဲ့သော ဗြိတိသျှစစ်သားများဘက်မှ လိုက်ပါဆောင်ရွက်ခဲ့သည်။ ပြည်နယ်ပေါင်းစုံညီလာခံကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးကြေညာစာတမ်းကို လက်မှတ်ရေးထိုးရာ၌လည်း ပါဝင်ခဲ့သည်။ ၁၇၇၈ ခုနှစ်တွင် ကွန်ဂရက်ကဂျွန်အဒမ်နှင့် ဂျွန်ဂျေးတို့ကို သံကိုယ်စားလှယ်များအဖြစ်ခန့်အပ်ကာ ဥရောပ၌ရောက်ရှိနေသော ဘင်ဂျမင်ဖရန်ကလင်ထံ အားဖြည့်စေလွှတ်ခဲ့သည်။



mgyoe.com

mgyoe.com



၁၇၈၉ ခုနှစ် ဖေဖော်ဝါရီလ ရွေးကောက်ပွဲတွင် ဂျော့ဝါရှင်တန်ပြီးလျှင် မဲအများဆုံးရရှိခဲ့သူဖြစ်၍ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဂျော့ဝါရှင်တန်ကို ဒုတိယသက်တမ်းအတွက် သမ္မတအဖြစ် ထပ်မံရွေးချယ်ခဲ့သည့်နည်းတူ အဒမ်ကိုလည်း ဒုတိယသမ္မတအဖြစ် ဆက်လက်ရွေးချယ်ခဲ့ကြသည်။

၁၇၉၆ ခုနှစ် သမ္မတရွေးချယ်ပွဲတွင် ဂျွန်အဒမ် အနိုင်ရရှိကာ အမေရိကန်ပြည်ထောင်စု၏ ဒုတိယမြောက်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။ သို့ရာတွင် သူ၏အစိုးရအဖွဲ့မှာ ဂျော့ဝါရှင်တန်၏ အစိုးရအဖွဲ့ကဲ့သို့မဟုတ်ဘဲ အတွင်းပဋိပက္ခများရှိခဲ့သည်။ ဖက်ဒရယ်ဝါဒီ အလက်ဇန္ဒားဟယ်မီတန် ခေါင်းဆောင်သောအုပ်စုနှင့် ပြင်သစ်ကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုများရှိခဲ့ကာ ပဋိပက္ခ ကြီးထွားလာခဲ့ရခြင်းဖြစ်သည်။ ဟယ်မီတန်သည် ပြင်သစ်များကို အထူးဆန့်ကျင်ပြီး အဒမ်ကမူ ပြင်သစ်နှင့် မီးကုန်ယမ်းကုန်စစ်ဖြစ်ပွားရမည်ကို ရှောင်ရှားလိုသူဖြစ်သည်။ သို့အတွက် ဂျွန်အဒမ်မှာ ပြည်သူများအကြား၌ ရေပန်းစားမှုလျော့နည်းလာခဲ့ပြီး ၁၈၀၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် သောမတ်စ်ဂျက်ဖာဆင်ကို အရေးနိမ့်ခဲ့ရသည်။

သမ္မတရာထူးကို စွန့်လွှတ်ခဲ့ရပြီးနောက် ဂျွန်အဒမ်သည် နောက်ထပ် ၂၅ နှစ်ကြာ ဆက်လက်အသက်ရှင်နေ

mgyoe.com

mgyoe.com




ထိုင်ခဲ့ပြီး ထိုကာလတစ်လျှောက် စာပေများရေးသားပြုစုခြင်းဖြင့် အချိန်ကုန်လွန်ခဲ့သည်။ ၁၈၂၆ ခုနှစ် ဇူလိုင်လ ၄ ရက် (အမေရိကန်နိုင်ငံ၏ လွတ်လပ်ရေးကြေညာစာတမ်း အနှစ် ၅၀ ပြည့်မြောက်သည့်နေ့) တွင် ဂျွန်အဒမ် ကွယ်လွန်ခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဂျွန်အဒမ် ကွယ်လွန်ခဲ့သည့်ရက်မှာ ၎င်း၏ပြိုင်ဘက်နှင့် အမေရိကန်ပြည်ထောင်စု၏ တတိယမြောက်သမ္မတ သောမတ်ဂျက်ဖာဆင် ကွယ်လွန်ခဲ့သည့်ရက်ပင်ဖြစ်သည်။

❑

mgyoe.com

mgyoe.com



## ၃။ သောမတ်ဂျက်ဖာဆင် (၁၈၀၁ - ၁၈၀၉)

အမေရိကန်ပြည်ထောင်စု၏ တတိယမြောက်သမ္မတ သောမတ်ဂျက်ဖာဆင်ကို ၁၇၄၃ ခုနှစ် ဧပြီလ ၁၃ ရက်တွင် ဖွားမြင်ခဲ့သည်။ မွေးရပ်မှာ ရှက်ဒ်ဝဲလ်လယ်တော ဂူချ်လင့် ကောင်တီ(ယခု အယ်လ်ဘာမာလေ) ဗာဂျီးနီးယားပြည် နယ်ဖြစ်ပြီး မိဘများမှာ ပီတာဂျက်ဖာဆင်နှင့် ဂျိန်းရန်းဒေါ့ဖ် ဂျက်ဖာဆင်တို့ဖြစ်ကြသည်။ သောမတ်ဂျက်ဖာဆင် အသက် ၁၄ နှစ်အရွယ်တွင် ဖခင် ပီတာ ကွယ်လွန်ခဲ့ပြီး ဖခင်၏အမွေအနှစ်အဖြစ် မြေဧက ၂,၇၅၀ နှင့် ငွေဝယ်ကျွန် အမြောက်အမြားရရှိခဲ့သည်။ ၁၇၆၀ မှ ၁၇၆၂ ခုနှစ်အထိ

mgyoe.com

mgyoe.com



ဝိလျံနှင့် မေရီကောလိပ်တွင် အထက်တန်းပညာရပ်များကို သင်ယူခဲ့ပြီး ဂရိနှင့်လက်တင် ဂန္ထဝင်စာပေများကို ဖတ်ရှုလေ့လာခဲ့ကာ တယောထိုးပညာကိုလည်း လိုက်စားခဲ့သည်။ ၁၇၆၉ ခုနှစ်တွင် ဗာဂျီးနီးယားပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် တင်မြှောက်ခံခဲ့ရပြီး ၁၇၇၀ ပြည့်နှစ်တွင် ၎င်းနေထိုင်ရာ မွန်တီစယ်လိုစံအိမ်ကို စတင်ဆောက်လုပ်ခဲ့သည်။

၁၇၇၂ ခုနှစ်တွင် ငွေကြေးကြွယ်ဝချမ်းသာသော မုဆိုးမ မာသာဝေးစကယ်တန်နှင့်လက်ထပ်ခဲ့ပြီး ၁၇၇၆ ခုနှစ်၌ ဒုတိယအကြိမ်မြောက် ပြည်နယ်ပေါင်းစုံညီလာခံ ကိုယ်စားလှယ်တစ်ဦးအဖြစ် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးကြေညာ စာတမ်းမူကြမ်းကို ပြုစုရေးသားခဲ့သည်။ ၁၇၇၉ ခုနှစ်တွင် ဗာဂျီးနီးယားပြည်နယ် အုပ်ချုပ်



mgyoe.com

mgyoe.com



ရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ၁၇၈၀ ပြည့်နှစ်တွင် နောက်ထပ်တစ်ကြိမ် ရွေးကောက်တင်မြှောက်ခံခဲ့ရကာ ဗြိတိသျှတပ်ဖွဲ့ဝင်များ ဗာဂျီးနီးယားပြည်နယ်သို့ ကျူးကျော်လာသည့် ၁၇၈၁ ခုနှစ်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူနေစဉ်အတွင်း ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ပြဋ္ဌာန်းဥပဒေများ ပြုစုရေးသားခဲ့သည်။

၁၇၈၂ ခုနှစ်တွင် ဇနီးဖြစ်သူ ကွယ်လွန်သွားခဲ့ပြီးနောက် ကွန်ဂရက်လွှတ်တော်အမတ်တစ်ဦးအဖြစ် ၁၇၈၄ ခုနှစ်တွင် ၁၇၈၄၊ ၁၇၈၅၊ ၁၇၈၇ ခုနှစ်တို့တွင် ထုတ်ပြန်ခဲ့သော တစ်ချက်လွှတ်အမိန့်ဥပဒေများအတွက် မူကြမ်း ပြုစုရေးသားခဲ့သည်။ ၁၇၈၅ ခုနှစ်မှ ၁၇၈၉ ခုနှစ်အထိ ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၇၉၀ ပြည့်နှစ်၌ သမ္မတ ဂျော့ဝါရှင်တန်က ၎င်းအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ သို့သော် အစိုးရအဖွဲ့အတွင်း ဘဏ္ဍာရေးဝန်ကြီး အလက်ဇန်းဒါးဟယ်မီတန်နှင့် သဘောထားကွဲလွဲခဲ့ကာ ၁၇၉၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၇၉၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ရီပတ်ဘလစ်ကင်တစ်ဦးအဖြစ် ဂျွန်အဒမ်နှင့် ယှဉ်ပြိုင်အရွေးခံခဲ့ရာ အရေးနိမ့်ခဲ့သည်။ ဂျွန်အဒမ်၏လက်အောက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ယူခဲ့ပြီး ၁၈၀၀ ပြည့်

mgyoe.com

mgyoe.com



နှစ် သမ္မတရွေးကောက်ပွဲ၌ အေရွန်ဘားနှင့် ယှဉ်ပြိုင် အရွေးခံခဲ့ရာ ပြည်ထောင်စုကိုယ်စားလှယ်များ (Electoral) ဆန္ဒမဲအရေအတွက်တူညီနေသော်လည်း အောက်လွှတ်တော်က ဂျက်ဖာဆင်အား သမ္မတအဖြစ် ရွေးကောက်တင် မြှောက်ခဲ့သည်။

သမ္မတသက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ရာ၌ ပထမသက်တမ်း ၁၈၀၃ ခုနှစ် ဧပြီလ ၃၀ ရက်၌ ထိုစဉ်က ပြင်သစ်ပိုင် လူဝိစီယားနားနယ်ကို ဒေါ်လာ ၁၅ သန်းဖြင့် ဝယ်ယူခဲ့သည်။ ၎င်းအဖြင့် အမေရိကန်နိုင်ငံကို အနောက် ဘက်ကမ်းရိုးတန်းအထိ တိုးချဲ့နိုင်ရေးအတွက်လည်း စူးစမ်းလေ့လာရေးအဖွဲ့တစ်ခု အဆိုပါဒေသသို့ စေလွှတ် ခဲ့သည်။ ဗာဂျီးနီးယားတက္ကသိုလ်ကို စတင်တည်ထောင်ခဲ့ ပြီး တက္ကသိုလ်အဆောက်အအုံများအတွက် ကိုယ်တိုင်ပုံစံ ထုတ်ခဲ့သည်။ ၁၈၂၆ ခုနှစ် ဇူလိုင်လ ၄ ရက် (အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်း အနှစ် ၅၀ ပြည့်သည့်နေ့) တွင် ကွယ်လွန်ခဲ့သည်။ ဂျက်ဖာဆင်နှင့် အမေရိကန်နိုင်ငံ၏ ဒုတိယမြောက်သမ္မတ ဂျွန်အဒမ်တို့မှာ တစ်နေ့တည်း တစ် ရက်တည်းကွယ်လွန်ခဲ့ကြခြင်းဖြစ်သည်။

သောမတ်ဂျက်ဖာဆင် ကွယ်လွန်ခဲ့ပြီးနောက် ဒီအင်န် အေမျိုးရိုးစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ သူ၏ငွေဝယ်ကျွန် အမျိုးသမီး ဆယ်လီဟေးမင်း၏ကလေး အနည်းဆုံး တစ်ဦးမှာ ဂျက်ဖာဆင်နှင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း ကျယ်

mgyoe.com


mgyoe.com

ကျယ်ပြန့်ပြန့်လက်ခံယုံကြည်ခဲ့ကြပြီး ပေါးမင်း၏ ကလေးခြောက်ဦးစလုံး၏ ဖခင်မှာ ဂျက်ဖာဆင်ပင်ဖြစ်ဖွယ်ရှိကြောင်းလည်း ပြောဆိုမှုများရှိခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၄။ ဂျိမ်းစ်မက်ဒီဆင် (၁၈၀၉ - ၁၈၁၇)

အမေရိကန်ပြည်ထောင်စု၏ စတုတ္ထမြောက်သမ္မတ ဂျိမ်းစ်မက်ဒီဆင်ကို ၁၇၅၁ ခုနှစ် မတ်လ ၁၆ ရက်တွင် ပို့တ်ကွန်းဝေးအရပ်ဒေသ ကင်းဂျော့ချ်ကောင်တီ ဗာဂျီးနီးယားပြည်နယ်၌ ဖခင် ဂျိမ်းစ်မက်ဒီဆင်နှင့် မိခင် အယ်လီနာရို့စ်ကွန်ဝေးမက်ဒီဆင်တို့မှ ဖွားမြင်ခဲ့သည်။ ၁၇၇၁ ခုနှစ်တွင် ပရင်စတန်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ၁၇၇၆ ခုနှစ်တွင် ဗာဂျီးနီးယားပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ ညီလာခံသို့တက်ရောက်ခဲ့ပြီး ၁၇၈၀ ပြည့်နှစ်၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် ပြည်နယ်ပေါင်းစုံ ညီလာခံသို့

mgyoe.com

mgyoe.com


လည်း ကိုယ်စားလှယ်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

၁၇၈၇ ခုနှစ်တွင် ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံ၌ စာရင်းထိန်းချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၇၈၉ ခုနှစ်တွင် အောက်လွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ၁၇၉၀ ပြည့်နှစ်တွင် နောင်ဒီမိုကရက်တစ်ပါတီဖြစ်လာမည့် ဒီမိုကရက်တစ် ရီပတ်ဘလစ်ကင်ပါတီကို စတင်တည်ထောင်ခဲ့ကာ ၁၈၀၁ ခုနှစ်တွင် သောမတ်ဂျက်ဖာဆင်အစိုးရအဖွဲ့၌ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၈၀၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး သူ၏သမ္မတ ပထမသက်တမ်း၌ ဗြိတိန်နိုင်ငံနှင့် တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။ အဆိုပါကာလအတွင်း မက်ဒီဆင် ကိုင်စွဲခဲ့သည့် နိုင်ငံခြား



mgyoe.com

mgyoe.com



ရေးမူဝါဒကို ပြိုင်ဘက် ဖက်ဒရယ်ပါတီဝင်များသာမက ၎င်း၏ ဒီမိုကရက်တစ် ရီပတ်ဘလစ်ကင်ပါတီဝင်များကပင် ဆန့်ကျင်ခဲ့ကြသည်။ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ ဆန့်ကျင်မှုများရှိခဲ့သော်လည်း ၁၈၁၂ ခုနှစ်တွင် သမ္မတ ဒုတိယသက်တမ်းအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ အဆိုပါနှစ်၌ပင် ဗြိတိန်နိုင်ငံနှင့် ဒုတိယအကြိမ် စစ်မက်ဖက်ပြိုင်ခဲ့ရသည်။ ဒုတိယအမေရိကန်တော်လှန်ရေးဟု ခေါ်ဝေါ်ခဲ့ကြသည့် အဆိုပါစစ်ပွဲမှာ နှစ်ဖက်အကြား ပြဿနာတစ်စုံတစ်ရာ ဖြေရှင်းမပေးနိုင်ဘဲ စစ်ပြေငြိမ်းစာချုပ်ခဲ့ရသည်။

ဒုတိယအမေရိကန်–ဗြိတိန်စစ်ပွဲ ဖြစ်ပွားခဲ့ပြီးနောက် မက်ဒီဆင်၏ထင်ရှားသောဆောင်ရွက်ချက်မှာ အမေရိကန်–ကနေဒါနယ်စပ်ကို စစ်မဲ့ဇုန်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၁၈၁၇ ခုနှစ်တွင် သမ္မတတာဝန်မှအနားယူခဲ့ပြီး မောင့်ပီလီယာရှိ ၎င်း၏စံအိမ်၌ ပြန်လည်နေထိုင်ခဲ့ကာ ဖွဲ့စည်းပုံရေးဆွဲရေးဆိုင်ရာညီလာခံနှင့်ပတ်သက်၍ စာတမ်းများ ပြုစုရေးသားခဲ့သည်။ ဗာဂျီးနီးယားတက္ကသိုလ်ကိုလည်း စတင်ထူထောင်ခဲ့ပြီး ၁၈၂၆ ခုနှစ်တွင် အဆိုပါတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ပြီး ဆယ်နှစ်အကြာ ၁၈၃၆ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၅။ ဂျိမ်းစ်မွန်ရိုး (၁၈၁၇ - ၁၈၂၅)

အမေရိကန်ပြည်ထောင်စု၏ ပဉ္စမမြောက်သမ္မတ ဂျိမ်းစ်မွန်ရိုးကို ၁၇၅၈ ခုနှစ် ဧပြီလ ၂၈ ရက်တွင် ဝက်စ်မိုးလင်းကောင်တီ၊ ဗာဂျီးနီးယားပြည်နယ်၌ ဖွားမြင်ခဲ့ပြီး မိဘများမှာ စပင်စီဂျုန်းမွန်ရိုးနှင့် အယ်လီဇာဂျုန်းမွန်ရိုးတို့ဖြစ်ကြသည်။ ၁၇၇၄ ခုနှစ်တွင် ဝီလျံနှင့် မေရီကောလိပ်၌ တက်ရောက်ခဲ့ပြီး ဘွဲ့မရခဲ့ဘဲ အမေရိကန်တော်လှန်ရေးတွင် ပါဝင်ရန် ပညာရေးကို စွန့်လွှတ်ခဲ့ရသည်။ အမှတ်(၃) ဗာဂျီးနီးယားတပ်ရင်းကြီးတွင် အမှုထမ်းခဲ့ပြီး တော်လှန်ရေးပြီးဆုံးသောအခါ၌ သောမတ်ဂျက်ဖာဆင်၏ သွန်သင်ပြသ

mgyoe.com

mgyoe.com



မှုဖြင့် ဥပဒေပညာကို သင်ယူခဲ့သည်။

၁၇၈၂ ခုနှစ်တွင် ဗာဂျီးနီးယားပြည်နယ် အောက်လွှတ်တော်၌ ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး (၁၇၈၃ မှ ၁၇၈၆) ခုနှစ်အထိ ပြည်နယ်ပေါင်းစုံညီလာခံသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုရေးနှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာဥပဒေ(ကြမ်း) မပါဝင်ခြင်းကြောင့် ကန့်ကွက်ဆန့်ကျင်ခဲ့သည်။ ၁၇၉၀ ပြည့်နှစ်တွင် အမေရိကန်အထက်လွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ၁၇၉၄ ခုနှစ်တွင် ထိုစဉ်က သမ္မတဂျော့ဝါရှင်တန်က မွန်ရိုးကို ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

ဗာဂျီးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် (၁၇၉၉ မှ ၁၈၀၂)ခုနှစ်အထိတစ်ကြိမ်၊ (၁၈၁၁) ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့ပြီး သမ္မတ ဂျက်ဖာဆင်လက်ထက်တွင်လည်း ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် (၁၈၀၃) နှင့် ဂရိတ်ဗြိတိန်ဆိုင်ရာသံအမတ်ကြီးအဖြစ် (၁၈၀၃–၁၈၀၇)တို့တွင် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

၁၈၁၆ ခုနှစ်တွင် မွန်ရိုးကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ၁၈၂၀ ခုနှစ်ရွေးကောက်ပွဲတွင်လည်း မွန်ရိုးကို သမ္မတအဖြစ် ဆက်လက်တင်မြှောက်ခဲ့ရာ

mgyoe.com

mgyoe.com



တွင် ပြည်ထောင်စုကိုယ်စားလှယ်တစ်မဲအသာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မွန်ရိုး၏လက်ထက်တွင် အုပ်ချုပ်ရေးတည်ငြိမ်ကောင်းမွန်ကာ နယ်စပ်ပြဿနာများလည်း ဖြေရှင်းနိုင်ခဲ့၍ "စိတ်အေးချမ်းသာစွာနေထိုင်ရသည့်ခေတ်" ဟု မှတ်တမ်းတင်ခံခဲ့ရသည်။ သူ၏လက်ထက်တွင် ဖလော်ရီဒါပြည်နယ်ကို စပိန်ထံမှ လွှဲပြောင်းရယူနိုင်ခဲ့ပြီး ကနေဒါနိုင်ငံနှင့်ပတ်သက်သော နယ်စပ်အငြင်းပွားမှုကိုလည်း ဗြိတိန်နှင့် စေ့စပ်ဆွေးနွေးဖြေရှင်းနိုင်ခဲ့၍ နယ်စပ်စစ်စခန်းများကို ရုပ်သိမ်းနိုင်ခဲ့သည်။

ငွေဝယ်ကျွန်များ လွတ်ငြိမ်းခွင့်ပေးရေးနှင့်ပတ်သက်၍ ထောက်ခံခဲ့ပြီး ဆန့်ကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းကာ မစ်ဆူရီစေ့စပ်သဘောတူညီချက် ပြုလုပ်နိုင်ခဲ့သည်။ အမေ



mgyoe.com

mgyoe.com



ရိုကန်ပြည်ထောင်စုအတွက် မွန်ရိုး၏အထင်ရှားဆုံးလုပ်ဆောင်ချက်မှာ မွန်ရိုးဝါဒ (Monroe Doctrine) ဖြစ်ပြီး ကမ္ဘာ့အနောက်ဘက်ခြမ်းဒေသများတွင် ဥရောပ၏ ပါဝင်စွက်ဖက်မှုကို ဆန့်ကျင်သည့်ဝါဒဖြစ်သည်။ အဆိုပါမွန်ရိုးဝါဒမှာ သမ္မတအဆက်ဆက် ယခုတိုင်ကိုင်စွဲနေကြသော အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးပေါ်လစီ၏ အခြေခံအုတ် မြစ်ဖြစ်သည်။

သမ္မတအဖြစ်မှ အငြိမ်းစားယူခဲ့ပြီးနောက် ဗာဂျီးနီးယားပြည်နယ် အုတ်ဟေးလ်ဒေသတွင် အခြေချနေထိုင်ခဲ့သော်လည်း ငွေကြေးအခက်အခဲကြောင့် နောင်တွင် ၎င်းစံအိမ်ကိုရောင်းချကာ နယူးယောက်မြို့တော်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ နယူးယောက်မြို့တွင်နေထိုင်စဉ် ၁၈၃၁ ခုနှစ် ဇူလိုင်လ ၄ ရက်တွင် ကွယ်လွန်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၆။ ဂျွန်ကွင်စီအဒမ်(၁၈၂၅ - ၁၈၂၉)

အမေရိကန်ပြည်ထောင်စု၏ ဆဋ္ဌမမြောက်သမ္မတကြီး ဖြစ်သော ဂျွန်ကွင်စီအဒမ်ကို ဇူလိုင်လ ၁၁ ရက် ၁၇၆၇ ခုနှစ်တွင် ဘရိန်းထရီး(ယခုကွင်စီ)မက်ဆာချူးဆက်ပြည် နယ်၌ ဖွားမြင်ခဲ့သည်။ သီးခြားလွတ်လပ်သော ဖက်ဒရယ် ဝါဒီတစ်ဦးနှင့် နောင်တွင် ဒီမိုကရက်တစ် ရီပတ်ဘလစ်ကင် ပါတီဝင်ဖြစ်ပြီး မိဘများမှာ ဂျွန်အဒမ်နှင့် အဘီဂေးအဒမ် တို့ဖြစ်ကာ ဖခင်မှာ အမေရိကန်ပြည်ထောင်စု၏ ဒုတိယ မြောက်သမ္မတဖြစ်သည်။ ဆွေကြီးမျိုးကြီးဖြစ်သည်နှင့် အညီ အထက်တန်းပညာကို နိုင်ငံရပ်ခြားနှင့် ဟားဗတ်

mgyoe.com

mgyoe.com



တက္ကသိုလ်တို့တွင်သင်ယူခဲ့ပြီး ဟားဗတ်တက္ကသိုလ်မှ ၁၇၈၇ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ ၁၈၀၃ ခုနှစ်တွင် အမေရိကန်အထက်လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ထိုစဉ်က သမ္မတမွန်ရိုးက အဒမ်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည်။

စပိန်နိုင်ငံပိုင်အဖြစ်မှ ဖလော်ရီဒါပြည်နယ်ကို ခွဲထုတ်ရယူရေး အောင်မြင်စွာညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီး မစ်ဆူရီသဘောတူညီချက်တွင် ငွေဝယ်ကျွန်များကိုစွချန်လှပ်ထားရန် ထောက်ခံခဲ့သည်။ မွန်ရိုးဝါဒပေါ်ထွက်လာရေးအတွက်လည်း ကူညီဆောင်ရွက်ပေးခဲ့ပြီး ၁၈၂၄ ခုနှစ်တွင် သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ကိုယ်စားလှယ်မဲတွင် အများစုမရခဲ့သော်လည်း အမေရိကန်အောက်လွှတ်တော်အမတ်များက ၎င်းအား သမ္မတအဖြစ် တင်မြှောက်ခဲ့ခြင်းဖြစ်



mgyoe.com

mgyoe.com



သည်။ သမ္မတအခွင့်အာဏာ အလွန်အမင်း အသုံးပြုခဲ့ခြင်းကြောင့် ပြင်းပြင်းထန်ထန်ဆန့်ကျင်မှုခံခဲ့ရပြီး ၁၈၂၈ ခုနှစ် ရွေးကောက်ပွဲတွင် အင်ဒရူးဂျက်ဆင်ကို အရေးနိမ့်ခဲ့ရသည်။

၁၈၃၁ ခုနှစ်တွင် အမေရိကန်အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး (၁၇) နှစ်ကြာ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအဖြစ် ရှုပ်ရှုပ်ချွံချွံ အမှုထမ်းရွက်ခဲ့သည်။ ငွေဝယ်ကျွန်ထားရှိခြင်း၊ တက်ဆက်စ်ပြည်နယ်ကို အမေရိကန်ပြည်ထောင်စုအတွင်း ထည့်သွင်းခြင်းနှင့် မက္ကဆီကိုနှင့်ဖြစ်ပွားသည့်စစ်ပွဲတို့ကို ဆန့်ကျင်ခဲ့သူဖြစ်ပြီး စမစ်ဆိုနီယန်ပြတိုက်တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည်။

၁၈၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် အောက်လွှတ်တော်အစည်းအဝေးတက်ရောက်နေစဉ် နှလုံးရောဂါဝေဒနာခံစားခဲ့ရပြီး လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com



## ၇။ အင်ဒရူးဂျက်ဆင် (၁၈၂၉ - ၁၈၃၇)

အမေရိကန်ပြည်ထောင်စု၏ သတ္တမမြောက်သမ္မတ ဖြစ်ပြီး မူလက ဒီမိုကရက်တစ်ရီပတ်ဘလစ်ကင်ဖြစ်သော်လည်း နောင်တွင် ဒီမိုကရက်ဖြစ်လာခဲ့သည်။ တောင်ကာရိုလိုင်းနားနှင့် မြောက်ကာရိုလိုင်းနားပြည်နယ် နယ်စပ် ဝက်စ်ဟောခရိုင်တွင် ၁၇၆၇ ခုနှစ် မတ်လ ၁၅ ရက်၌ ဖွားမြင်ခဲ့ပြီး ဖခင်မှာ အင်ဒရူးဟတ်ချီဆန်ဂျက်ဆင်နှင့် မိခင်မှာ အဲလ်လိဇဘက်ဟတ်ချီဆန်ဂျက်ဆင်ဖြစ်သည်။ အသက် ၁၃ နှစ်အရွယ်တွင် အမေရိကန်တော်လှန်ရေး၌ ပါဝင်ဆင်နွှဲခဲ့ပြီး ရန်သူများ၏ဖမ်းဆီးမှု ခံခဲ့ရသည်။ အသက် ၁၄ နှစ်အရွယ်


mgyoe.com

mgyoe.com



တွင် မိဘမဲ့ဖြစ်ခဲ့ပြီး ကြွယ်ဝချမ်းသာသော ဦးလေးတစ်ယောက်၏ မွေးစားမှု ခံယူခဲ့ရသည်။

အသက် ၂၀ နှစ်အရွယ်တွင် ဥပဒေပညာ ဆည်းပူးခဲ့ပြီး နောက်ပိုင်း၌ တင်နက်ဆီပြည်နယ် နက်ရှဗီးတွင် အမှုလိုက်ရှေ့နေအဖြစ် အမှုထမ်းခဲ့သည်။ ၁၇၉၆ ခုနှစ်တွင် တင်နက်ဆီပြည်နယ် ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းရေးဆွဲရာ၌ ပါဝင်ခဲ့ပြီး ပြည်နယ်အောက်လွှတ်တော်တွင် တစ်နှစ်ကြာ တာဝန်ယူခဲ့သည်။ ၁၇၉၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဆီးနိတ်၌ တာဝန်ယူခဲ့ပြီး ၁၈၁၂ ခုနှစ် စစ်ပွဲတွင် ပါဝင်ခဲ့ကာ ၁၈၁၄ ခုနှစ်၌ အလာဘားမားပြည်နယ် Horse-shoe Bend ဒေသ၌ လူနီများကို တိုက်ခိုက်ချေမှုန်းခဲ့သည်။



mgyoe.com

mgyoe.com



၁၈၁၅ ခုနှစ်တွင် နယူးအော်လင်းတိုက်ပွဲ၌ ဗြိတိသျှဗိုလ်ချုပ်ကြီး အက်ဒွပ်ပါကင်ဟန် ဦးစီးသောတပ်ဖွဲ့များကို အနိုင်ယူခဲ့ကာ တိုင်းပြည်၏သူရဲကောင်းဖြစ်လာခဲ့သည်။ ၁၈၂၄ ခုနှစ် သမ္မတရွေးပွဲတွင် ဂျွန်ကွင်စီအဒမ်နှင့် ယှဉ်ပြိုင်ခဲ့ပြီး အနိုင်အရှုံးမပြတ်သွားခဲ့၍ အောက်လွှတ်တော်ကိုယ်စားလှယ်များက ဂျွန်ကွင်စီအဒမ်အား သမ္မတအဖြစ်ရွေးချယ်ပေးခဲ့ကြသည်။ ၁၈၂၈ ခုနှစ် ရွေးကောက်ပွဲတွင် ဂျက်ဆင် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ယခုတစ်ကြိမ်တွင် အနိုင်ရရှိခဲ့သည်။

သမ္မတအနေဖြင့်မှု ဂျက်ဆင်သည် အုပ်ချုပ်ရေးစနစ်ဆိုးတစ်ခု (The Spoils System) စတင်တီထွင်ခဲ့သူအဖြစ် နာမည်ပျက်ခဲ့ရသည်။ အခြားမဟုတ် မိမိပါတီဝင်များကို အစိုးရရာထူးကြီးများ၌ ခန့်အပ်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာရေးအရလည်း မိမိနှင့် အလွမ်းသင့်သည့် ဒီမိုကရက်တစ်ပါတီဝင်များပိုင်ဆိုင်သော ဘဏ်များ၌သာ ပြည်ထောင်စုအစိုးရရန်ပုံငွေများကို အပ်နှံခဲ့သည်။

"ပြည်သူများကိုယ်တိုင် အုပ်ချုပ်ကြပါစေ" (Let the People rule) ဟူသည်မှာ အင်ဒရူးဂျက်ဆင်၏ဆောင်ပုဒ်ဖြစ်သည်။ ၁၈၃၂ ခုနှစ်တွင် အင်ဒရူးဂျက်ဆင်သည် ကွန်ဂရက်အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သမ္မတလောင်းများ ရွေးချယ်တင်မြှောက်ခြင်းကို ပယ်ဖျက်ခဲ့ပြီး ၎င်းအစားအမျိုးသားညီလာခံဖြင့် တင်မြှောက်ရန် အစားထိုးခဲ့သည်။

mgyoe.com

mgyoe.com


တောင်ကာရိုလိုင်းနားပြည်နယ်က ၎င်းထုတ်ပြန်ခဲ့သော အခွန်အကောက်ဆိုင်ရာဥပဒေကို လိုက်နာရန် ငြင်းဆန်ခဲ့သောအခါ ပြည်ထောင်စုကြည်းတပ်နှင့် ရေတပ်များကို ချာလက်စတန်သို့ စေလွှတ်ခဲ့သည်။ ၁၈၃၇ ခုနှစ်တွင် သမ္မတရာထူးမှ အနားယူခဲ့ပြီးသောအခါ နက်ရှဗီးမြို့ပြင်ရှိ ဟာမစ်တိတ်အရပ်ဒေသတွင် နေထိုင်ခဲ့ကာ ၁၈၄၅ ခုနှစ် ဇွန်လ ၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၈။ မာတင်ဗန်ဘူရင် (၁၈၃၇ - ၁၈၄၁)

ဒီမိုကရက်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ အဋ္ဌမမြောက်သမ္မတဖြစ်သည်။ ၁၇၈၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်တွင် နယူးယောက်ပြည်နယ် ကင်ဒါဟုခ်အရပ်ဒေသ၌ ဖခင် အဘရာဟမ်ဗန်ဘူရင်နှင့် မိခင် မာရီယာဟိုးဗန်ဘူရင်တို့မှ ဖွားမြင်ခဲ့သည်။ ဌာနေကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး အသက် ၂၀ အရွယ်တွင် ရှေ့နေတစ်ယောက်ဖြစ်လာခဲ့သည်။ ထူးချွန်သည့်နိုင်ငံရေးသမားတစ်ဦး ဖြစ်ပြီး နယူးယောက်ပြည်နယ် ဆီးနိတ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ကာ ၁၈၁၆ ခုနှစ်မှ ၁၈၁၉ ခုနှစ်အထိ ပြည်နယ်

mgyoe.com

mgyoe.com



ရှေ့နေချုပ်အဖြစ် အမှုထမ်းခဲ့သည်။ ၁၈၂၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၁၈၂၈ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် သမ္မတလောင်း အင်ဒရူးဂျက်ဆင်ကို အရှေ့ပိုင်းပြည်နယ်များ၏ ထောက်ခံမှုရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီးနောက် ဂျက်ဆင် သမ္မတ ဖြစ်လာသည့်အခါ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၁၈၂၉ မှ ၁၈၃၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၈၃၂ ခုနှစ်တွင် ဒုတိယသမ္မတအဖြစ် တင်မြှောက်ခံခဲ့ရပြီး ဂျက်ဆင်အစိုးရအဖွဲ့အပေါ်၌ အထူးဩဇာညောင်းလွန်း၍ “မှော်ကဝေဆရာလေး” ဟူ၍ပင် နာမည်ပြောင်တွင်ခဲ့သည်။ ၁၈၃၆ ခုနှစ်ရွေးကောက်ပွဲတွင် ဝီလျံဟင်နရီ ဟာရီဆန်ကို အနိုင်ရရှိခဲ့ပြီးနောက် စီးပွားပျက်ကပ်ကြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံလာချိန်၌ အမေရိကန်သမ္မတအဖြစ်



mgyoe.com

mgyoe.com



ဆိုက်ဆိုက်မြိုက်မြိုက်တာဝန်ယူခဲ့ရသည်။ သီးခြား လွတ်လပ်သော ဘဏ္ဍာရေးဆိုင်ရာငွေတိုက်စနစ်တစ်ရပ်ကို ချမှတ်ခဲ့သော်လည်း မြေယာများမှရရှိသော အခွန်ငွေများကို သုံးစွဲရန် ငြင်းဆန်ခဲ့မှုကြောင့် ၁၈၄၀ ရွေးကောက်ပွဲတွင် ပြိုင်ဘက် ဝီလျံဟင်နရီဟာရီဆန်ကို အရေးနိမ့်ခဲ့သည်။


၁၈၄၄ရွေးကောက်ပွဲတွင် ဒီမိုကရက်ပါတီတွင်းသမ္မတ လောင်းရွေးချယ်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သေးသော်လည်း ဂျိမ်းစ်နော့စ်ပေါ့ခ်ကို အရေးနိမ့်ခဲ့သည်။ (နော့စ်ပေါ့ခ်မှာ ၁၈၄၄ ရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏ ၁၁ ဦးမြောက်သမ္မတအဖြစ် ထမ်းရွက်ခဲ့သည်။)

၁၈၄၈ သမ္မတရွေးကောက်ပွဲတွင် တသီးပုဂ္ဂလအဖြစ် ဝင်ရောက်အရွေးခံခဲ့သေးသော်လည်း အရေးနိမ့်ခဲ့ပြန်သည်။ ၁၈၆၂ ခုနှစ် ဇူလိုင်လ ၂၄ ရက်တွင် မွေးဇာတိ ကင်ဒါဟုခ်၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၉။ ဝီလျံဟင်နရီဟာရီဆန် (၁၈၄၁)

အမေရိကန်ပြည်ထောင်စု၏ နဝမမြောက်သမ္မတ ဖြစ်သော ဝီလျံဟင်နရီဟာရီဆန်သည် Whig ပါတီဝင်(နောင် ရီပတ် ဘလစ်ကင်ပါတီ) တစ်ဦးဖြစ်ပြီး သမ္မတရာထူးနေရာတွင် စုစုပေါင်း ၃၁ ရက်သာ ထမ်းဆောင်ခဲ့ရသူဖြစ်သည်။ ဗာဂျီးနီးယားပြည်နယ် ချားလ်စီးတီးကောင်တီ ဘာကလေ အရပ်ဒေသတွင် ၁၇၇၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်၌ ဖွားမြင်ခဲ့ပြီး ဖခင်မှာ ဘင်ဂျမင်ဟာရီဆန်နှင့် မိခင်မှာ အဲလ်လိဇဘက်ဘက်စက်ဟာရီဆန်တို့ ဖြစ်ကြသည်။ ဖခင် ဘင်ဂျမင်မှာ အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေး


mgyoe.com

mgyoe.com



ကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်။

ဟင်မ်ဒန်ဆစ်ဒနီကောလိပ်တွင် ပညာသင်ကြားခဲ့ပြီးနောက် ဝီလျံဟင်နရီဟာရီဆန်သည် ၁၇၉၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်းဒေသ အကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။ ၁၇၉၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော်အမတ်တစ်ဦးအဖြစ် အဆိုပါဒေသမှ ရွေးချယ်ခံခဲ့ရသည်။ အင်ဒီယားနားဒေသ၏ ပထမဆုံးအုပ်ချုပ်ရေးမှူးအဖြစ်လည်း တာဝန်ယူခဲ့ပြီး (ဌာဓနတိုင်းရင်းသား) အင်ဒီးယန်း(လူနီများ)အရေးဆိုင်ရာ ကြီးကြပ်အုပ်ချုပ်သူအဖြစ်လည်း တာဝန်ယူခဲ့သည်။ ၁၈၁၁ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် အင်ဒီယားနားပြည်နယ် တစ်ပီကာနိုးအရပ်ဒေသ၌ ဖြစ်ပွားခဲ့သည့် ရှော်နီး



mgyoe.com

mgyoe.com



ဆူပူအုံကြွမှုကြီးကို လူအင်အား ၉၀၀ တည်းအသုံးပြုကာ နှိမ်နင်းနိုင်ခဲ့သူလည်း ဖြစ်သည်။

တစ်ပီကာနိုး ဆူပူအုံကြွမှုကြီး ဖြစ်ပွားခဲ့ပြီး အနှစ် ၃၀ ခန့် နောင်မျိုးဆက်တစ်ခုအကြာ ၁၈၄၀ ပြည့်နှစ်၌ကျင်းပခဲ့သည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒုတိယသမ္မတလောင်း ဂျွန်တိုင်လာနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့သည်။

ဗာဂျီးနီးယားပြည်နယ်၏ အချမ်းသာဆုံး၊ ဂုဏ်သိက္ခာအရှိဆုံးနှင့် ဩဇာအာဏာအကြီးမားဆုံးမိသားစုမှ မွေးဖွားလာခဲ့သူဖြစ်သော်လည်း အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဆင်းရဲသားလူတန်းစားကိုယ်စားပြု "သစ်လုံးတဲအိမ်နှင့် ပန်းသီးအရက်တစ်ခွက်" ကြွေးကြော်သံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပြီး ကျမ်းသစ္စာ ကျိန်ဆိုပွဲတွင် အဆုတ်အအေးမိဝေဒနာခံစားခဲ့ရကာ ၁၈၄၁ ခုနှစ် ဧပြီလ ၄ ရက်တွင် ကွယ်လွန်ခဲ့သည်။ သမ္မတရာထူးတာဝန်ထမ်းဆောင်ပြီး စုစုပေါင်း တစ်လအကြာတွင် ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။

❑

mgyoe.com

mgyoe.com



## ၁၀။ ဂျွန်တိုင်လာ (၁၇၉၀ - ၁၈၆၂)

အမေရိကန်ပြည်ထောင်စု၏ ဒသမမြောက်သမ္မတ ဖြစ်သည်။ Whig အယူဝါဒရှိ တစ်သီးပုဂ္ဂလတစ်ဦးဖြစ်ပြီး ၁၇၉၀ ပြည့်နှစ် မတ်လ ၂၉ ရက်တွင် ဗာဂျီးနီးယားပြည်နယ် ချားလ်စီးတီးကောင်တီ ဂရင်းဝေးအရပ်ဒေသ၌ ဖွားမြင်ခဲ့သည်။ ဖခင်မှာ ဂျွန်အာမီစတက်တိုင်လာဖြစ်ပြီး မိခင်မှာ မေရီအာမီစတက်တိုင်လာဖြစ်ကာ ဖခင် တိုင်လာသည် (၁၈၀၈ ခုနှစ်မှ ၁၈၁၁ ခုနှစ်အထိ) ဗာဂျီးနီးယားပြည်နယ်၏ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။


အထက်တန်းပညာကို ဝီလျံနှင့် မေရီကောလိပ်တွင်

mgyoe.com

mgyoe.com



သင်ကြားခဲ့ပြီး ၁၈၀၇ ခုနှစ်တွင် အဆိုပါကောလိပ်မှ ဘွဲ့ရရှိခဲ့သည်။ ၁၈၁၁ ခုနှစ်တွင် ဗာဂျီးနီးယားပြည်နယ် ဥပဒေပြုလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၈၁၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော်အမတ်တစ်ဦး အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဗာဂျီးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံခဲ့ရသောအခါတွင် ၁၈၂၁ ခုနှစ်မှ ၁၈၂၃ ခုနှစ်အထိ ဗာဂျီးနီးယားပြည်နယ်ဥပဒေပြုလွှတ်တော်တွင် ထပ်မံတာဝန်ထမ်းဆောင်ခဲ့သည်။ အမေရိကန်အထက်လွှတ်တော်၌ ၁၈၂၇ ခုနှစ်မှ ၁၈၃၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၈၄၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် သမ္မတလောင်း ဝီလျံဟင်နရီဟာရီဆန်၏ ဒုတိယသမ္မတအဖြစ် တွဲဖက်ယှဉ်ပြိုင်ကာ အနိုင်ရခဲ့သည်။



mgyoe.com

mgyoe.com




သမ္မတရာထူးတွင် တစ်လအကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အဆုတ်အအေးမိရောဂါဖြင့် ဝီလျံဟင်နရီဟာရီဆန် ကွယ်လွန်သွားသည့်အခါ ဂျွန်တိုင်လာသည် သမ္မတရာထူးနေရာတွင် ဆက်ခံခဲ့ရကာ အမေရိကန်ပြည်ထောင်စု၏သမိုင်းတွင် ရွေးကောက်ပွဲမဝင်ရဘဲ သမ္မတတာဝန်ယူရသည့် ပထမဆုံးသောပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။ ဒီမိုကရက်အချို့က ၎င်းအား ၁၈၄၄ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စေလိုသော်လည်း ပါတီ၏ တရားဝင်ကိုယ်စားလှယ် ဂျိမ်းစ်နော့စ်ပေါ့ခ်အား အခွင့်အရေးပေး၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ ငြင်းဆန်ခဲ့သည်။

၁၈၆၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ဗာဂျီးနီးယားပြည်နယ် ရစ်ချ်မွန်ဒေသ၌ ကွယ်လွန်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၁၁။ ဂျိမ်းစ်နော့စ်ပေါ့ခ် (၁၈၄၅ - ၁၈၄၉)

အမေရိကန်ပြည်ထောင်စု၏ (၁၁) ဦးမြောက် သမ္မတဖြစ်သော ဂျိမ်းစ်နော့စ်ပေါ့ခ်ကို ၁၇၉၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်တွင် မြောက်ကာရိုလိုင်းနားပြည်နယ် မက်ကလင်ဘတ်ကောင်တီ၌ ဖွားမြင်ခဲ့သည်။ ဖခင်မှာ ဆင်မြူရယ်နော့စ်ပေါ့ခ်ဖြစ်ပြီး မိခင်မှာ ဂျိန်းနော့စ်ပေါ့ခ်ဖြစ်ကာ အထက်တန်းပညာကို မြောက်ကာရိုလိုင်းနားတက္ကသိုလ်၌ သင်ယူခဲ့သည်။ အဆိုပါတက္ကသိုလ်မှ ၁၈၁၈ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ပြီးနောက် ၁၈၂၃ ခုနှစ်မှ ၁၈၂၅ ခုနှစ်အထိ တင်နက်ဆီပြည်နယ် ဥပဒေပြုလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

mgyoe.com

mgyoe.com



၁၈၂၅ ခုနှစ်မှ ၁၈၃၉ ခုနှစ်အထိ ၁၄ နှစ်ကြာ အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော်၌ တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ဆုံးလေးနှစ်တွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ တင်နက်ဆီပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ၁၈၃၉ ခုနှစ်မှ ၁၈၄၁ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ၁၈၄၄ ခုနှစ် ဒီမိုကရက်တစ်ပါတီ ပြည်လုံးကျွတ်ညီလာခံကြီး၌ ပါတီသမ္မတလောင်းရွေးချယ်ရေး သောင်မတင်ရေမကျဖြစ်ခဲ့ပြီးနောက် နော့စ်ပေါ့ခ်အား သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့ကြသည်။

ဒီမိုကရက်ပါတီက နော့စ်ပေါ့ခ်အား ရွေးချယ်မှုကို သမ္မတလောင်းရွေးချယ်ပွဲ၌ မိမိ၏အစွမ်းအစ လျှို့ထားသူတစ်ဦး ပထမဆုံးအကြိမ် မထင်မှတ်ဘဲ ရွေးချယ်ခံရခြင်းအဖြစ် သမိုင်းဆရာတို့က မှတ်တမ်းတင်ထားခဲ့ကြသည်။



mgyoe.com

mgyoe.com



သမ္မတလောင်းအဖြစ် ရွေးချယ်ခံခဲ့ရခြင်းမှာ တက်ဆက်စ်ပြည်နယ်ကို အမေရိကန်ပြည်ထောင်စုအတွင်း သွတ်သွင်းရေးအား ထောက်ခံခဲ့၍ဖြစ်သည်။

သမ္မတဖြစ်လာသောအခါ အဌမမြောက်သမ္မတ ဗန်ဘူရင် ကမကထပြုတီထွင်ခဲ့သော လွတ်လပ်သော ဘဏ္ဍာရေးဆိုင်ရာ မူဝါဒကို ဆက်လက်အသက်သွင်းခဲ့သည်။ ထိုစဉ်က မက္ကဆီကိုနိုင်ငံ နယ်နိမိတ်အတွင်းရှိ ကယ်လီဖိုးနီးယားပြည်နယ်ကို အမေရိကန်ပြည်ထောင်စုအတွင်း သွတ်သွင်းရေး အထူးအားသန်သန္နိဋ္ဌာန်ချထားသူတစ်ဦးဖြစ်ပြီး အဆိုပါကိစ္စအတွက် မက္ကဆီကိုအား စစ်ကြေညာတိုက်ခိုက်ခဲ့သည်။ ကယ်လီဖိုးနီးယားပြည်နယ်နှင့် အနောက်တောင်ပိုင်းဒေသ အတော်များများကို အမေရိကန်ပြည်ထောင်စု၏ ပိုင်နက်နယ်မြေအဖြစ် ရရှိလာသည့်အခါတွင် မက္ကဆီကိုစစ်ပွဲအား အဆုံးသတ်ခဲ့သည်။

သမ္မတရာထူးမှ စွန့်ခွာခဲ့ပြီးနောက်ပိုင်း လအနည်းကြာ ၁၈၄၉ ခုနှစ် ဇွန်လ ၁၅ ရက်တွင် တင်နက်ဆီပြည်နယ် နက်ရှဗီးလ်မြို့၌ ကွယ်လွန်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၁၂။ ဇက်ခရီတေလာ (၁၇၈၄ - ၁၈၅၀)

အမေရိကန်ပြည်ထောင်စု၏ ၁၂ ယောက်မြောက် သမ္မတဖြစ်သည်။ Whig ပါတီဝင်တစ်ဦးဖြစ်ပြီး အမေရိကန်သမ္မတအဖြစ် စုစုပေါင်း ၁၆ လသာ တာဝန်ထမ်းဆောင်ခဲ့ရကာ ကွယ်လွန်ခဲ့သည်။ ဇက်ခရီတေလာကို ၁၇၈၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်တွင် အောရင့်ချ်ကောင်တီ ဗာဂျီးနီးယားပြည်နယ်၌ ဖခင် ရစ်ချတ်တေလာနှင့် မိခင် ဆာရာစထရိုသာတေလာတို့မှ ဖွားမြင်ခဲ့ပြီး ကင်တပ်ကီပြည်နယ်လူးဝစ္စဗီးလ်ရှိ ဖခင်၏ စိုက်ပျိုးမွေးမြူရေးခြံတွင် ကြီးပြင်းခဲ့ရသည်။ ပညာရေးကို အလွတ်သင်ဆရာများဖြင့် သင်ယူ

mgyoe.com


mgyoe.com



ခဲ့ရပြီး ၁၈ဝ၈ ခုနှစ်တွင် အမေရိကန်တပ်မတော်၌ ဒုတိယဗိုလ်အဆင့်ဖြင့် ဝင်ရောက်အမှုထမ်းခဲ့သည်။

၁၈၁၂ ခုနှစ်စစ်ပွဲ၊ ဘလက်ယော့ခ်စစ်ပွဲ (၁၈၃၂ ခုနှစ်) နှင့် ဒုတိယဆီမီနိုးစစ်ပွဲ (၁၈၃၇ ခုနှစ်တွင် စတင်သည်) တို့တွင် ပါဝင်တိုက်ခိုက်ခဲ့ပြီး ကြံ့ခိုင်မာကြောကာ အမြဲအဆင်သင့်ရှိနေသော စစ်သားကောင်းတစ်ဦးအဖြစ် နာမည်ကျော်ကြားခဲ့သည်။ ၁၈၄၆ ခုနှစ်တွင် သမ္မတ ပေါ့ခ်က ၎င်းအား တပ်မတော်စစ်ကြောင်းတစ်ခုနှင့်အတူ ရီယိုဂရန်ဒီသို့ စေလွှတ်ခဲ့ရာ မက္ကဆီကိုတပ်ဖွဲ့ဝင်များက ၎င်းစစ်ကြောင်းအား စတင်တိုက်ခိုက်သည်နှင့် သမ္မတကြီးက စစ်ကြေညာခဲ့သည်။

မက္ကဆီကိုစစ်ပွဲတွင် အနိုင်ရရှိခဲ့၍ ဇက်ခရီတေလာမှာ အမေရိကန်ပြည်ထောင်စု၏ သူရဲကောင်းဖြစ်လာခဲ့ပြီး



mgyoe.com

mgyoe.com




၁၈၄၈ ခုနှစ်တွင် Whig ပါတီက ၎င်းအား သမ္မတလောင်း အဖြစ် ရွေးချယ်ခဲ့သည်။ သမ္မတရွေးပွဲတွင်လည်း အနိုင်ရရှိခဲ့ကာ ၎င်းတာဝန်ထမ်းဆောင်စဉ် မိမိကိုယ်တိုင်၌ ကျွန်အမြောက်အမြား ပိုင်ဆိုင်သော်လည်း ကာလီဖိုးနီးယားပြည်နယ်ကို ငွေဝယ်ကျွန်များအတွက် လွတ်လပ်သောပြည်နယ်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၈၅၀ ပြည့်နှစ် ဇူလိုင်လ ၅ ရက် သမ္မတရာထူးတွင် ၁၆ လကြာထမ်းဆောင်ခဲ့အပြီး၌ နာဖျားမကျန်းဖြစ်ကာ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ၁၃။ မီးလဒ်ဖီလ်မိုး (၁၈၅၀ - ၁၈၅၃)

အမေရိကန်ပြည်ထောင်စု၏ ၁၃ ဦးမြောက် သမ္မတ Whig ပါတီဝင် မီးလဒ်ဖီလ်မိုးကို ၁၈၀၀ ပြည့်နှစ် ဇန်နဝါရီလ ၇ ရက်တွင် နယူးယောက်ပြည်နယ် ကာယူဂါကောင်တီ၌ မွေးဖွားခဲ့ပြီး ဖခင်မှာ နသန်နီယယ်ဖီလ်မိုးနှင့် မိခင်မှာ ဖီဘီ မီးလဒ်ဖီလ်မိုးတို့ဖြစ်ကြသည်။ ပညာအခြေခံအနည်းငယ် သာရှိသော်လည်း ဖီလ်မိုးသည် အသက် ၂၂ နှစ်အရွယ် တွင် ရှေ့နေစာရေးဖြစ်လာခဲ့ပြီး နောင်တစ်နှစ်အကြာ၌ ဥပဒေပညာသင်ယူခွင့်ရရှိခဲ့သည်။ ၁၈၂၈ ခုနှစ်တွင် နယူး ယောက်ပြည်နယ်လွှတ်တော်၌ ရွေးချယ်ခံခဲ့ရပြီး ၁၈၃၁

mgyoe.com

mgyoe.com



ခုနှစ်အထိ တာဝန်ထမ်းရွက်ခဲ့သည်။ ၁၈၃၃ ခုနှစ်မှ ၁၈၃၅ ခုနှစ်အထိတစ်ကြိမ်၊ ၁၈၃၇ ခုနှစ်မှ ၁၈၄၃ ခုနှစ်အထိ တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော်အတွက် ရွေးချယ်ခံခဲ့ရသည်။ တက်ဆက်စ်ပြည်နယ်ကို ကျွန်စနစ်ကျင့်သုံးသည့်ပြည်နယ်အဖြစ် သတ်မှတ်ခြင်းကို ဆန့်ကျင်ခဲ့ပြီး သွင်းကုန်ခွန် ကာကွယ်စည်းကြပ်မှု(Protective Tariff) ဥပဒေပြဋ္ဌာန်းရေးကိစ္စတွင် ထောက်ခံမဲပေးခဲ့သည်။ ၁၈၄၄ ခုနှစ်တွင် နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဝင်ရောက်ရွေးချယ်ခံခဲ့ရာ အရေးနိမ့်ခဲ့သည်။

၁၈၄၈ ခုနှစ်တွင် ဒုတိယသမ္မတ ရွေးချယ်ခံခဲ့ရပြီး ထိုစဉ်က သမ္မတ ဇက်ခရီတေလာ ကွယ်လွန်သွားသည့်



mgyoe.com